စိတ်ကူးချိုချိုအနုပညာ
mgyoe.com



များစွာသော သူတို့သည် ရည်မှန်းချက်ဟူ၍ တိတိကျကျမရှိဘဲ
ကြီးပွားရေးအတွက်ဆို၍ သောင်းပြောင်း သဘောသဘာတတ်ကြ၏။ အချို့လည်း
ပိုက်ဆံပေါ်ခြင်းကို ကြီးပွားခြင်းဟူ၍ နားလည်ကြ၏။ အချို့လည်း ရာထူးဌာနနှင့်ရ
တိုးတက်ခြင်းကို ကြီးပွားခြင်းဟူ၍ ယူဆ၏။ အချို့လည်း ထင်ပေါ်ကျော်စောခြင်း၊
လူချီးမွမ်းခံရခြင်း၊ သူတစ်ပါးတို့၏ အထင်ကြီးခံရခြင်း စသော အခြင်းအရာမျိုး
ကို လိုလားတောင့်တ၍ ထိုအတွက် ကြိုးစားကြ၏။ ဤသည်တို့မှာ လူကြိုက်
များသော အခြင်းအရာများဖြစ်သော်လည်း . . .

# လူဖြစ်ရကျိုးနပ်ပါစေ

နှင့်

## အခြားအတွေးအမြင်ဆောင်းပါးများ

## ရွှေဥဒေါင်း

mgyoe.com

mgyoe.com



ဤတစ်ခေတ်၌ တိုင်းပြည်အစိုးရများသည် လေးနှစ်စီမံကိန်း၊ ငါးနှစ် စီမံကိန်း သည်ဖြင့် ကြိုတင်၍ (Planning) ရေးဆွဲတတ်ကြပေရာ၊ လူပုဂ္ဂိုလ်များ အနေဖြင့်လည်း တစ်မျိုးတစ်မည် ကြိုတင်စီမံတတ်လျှင် ကောင်းပေလိမ့်မည်။ မိမိတို့စီမံတိုင်း ဖြစ်သည်မဟုတ်၊ အနတ္တသဘောတရားအတိုင်း သူဖြစ်ချင်သလို ဖြစ်ရသည်ဆိုသော်လည်း ယုတ်စွာအဆုံး မိမိတို့၏ တစ်သက်တာ၌ ရည်မှန်းချက် တစ်ခုခုထားခြင်းသည် လုံးဝရည်မှန်းချက်မထားခြင်းထက် ကိုယ့်ကိုယ်ကို ပဲ့ကိုင်ဖို့ လွယ်ကူပေလိမ့်မည်။

# လူဖြစ်ရကျိုးနပ်ပါစေ

နှင့်

အခြားအတွေးအမြင်ဆောင်းပါးများ

ရွှေဥဒေါင်း

ISBN9789997112569

SOD1

9 789997 112569

800.00 KS

mgyoe.com

mgyoe.com

စိတ်သဘောထားပြည့်ဝသော
လူတစ်ယောက်ဖြစ်ရခြင်းကို
လိုလားရကောင်းမှန်းသိလျက်
လူ့သဘာဝ၊ လူ့ဓမ္မတာ
သဘာဝဓမ္မတာရားနှင့် လူ့သိက္ခာတို့ကို ဆင်ခြင်လျက်
ကမ္ဘာနှင့်ချီ၍
တွေးနိုင်ပြောနိုင်မြော်မြင်နိုင်ရေး
အတွေးအမြင်စာစု။


လူဖြစ်ရကျိုးနပ်ပါစေ နှင့် အခြား အတွေး အမြင်ဆောင်းပါးများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၅၂၀၅၀၆ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၅၁၀၅၀၇ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ။။ ေ ဒ ေ ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၅ ခု၊ အောက်တိုဘာလတွင် တန်ဖိုး ၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုပြင့်


mgyoe.com

mgyoe.com

# မာတိကာ

၁။ လူဖြစ်ရကျိုးနပ်ပါစေ ၇

၂။ ဓမ္မတာနှင့် သဘာဝဓမ္မ ၁၉

၃။ ကမ္ဘာစစ်ကြီးဖြစ်လာနိုင်သလော ၂၉

၄။ အရက်ပြဿနာ ၄၁

mgyoe.com

mgyoe.com

# လူဖြစ်ရကျိုးနပ်ပါစေ

[သွေးသောက်၊ ဖေဖော်ဝါရီ ၁၉၅၈]

mgyoe.com

mgyoe.com

## လူဖြစ်ရကျိုးနပ်ပါစေ

ဤတစ်ခေတ်၌ တိုင်းပြည်အစိုးရများသည် လေးနှစ်စီမံကိန်း၊ ငါးနှစ် စီမံကိန်း စသည်ဖြင့် ကြိုတင်၍ (Planning) ရေးဆွဲတတ်ကြပေရာ၊ လူပုဂ္ဂိုလ်များ အဖို့ဖြင့်လည်း တစ်မျိုးတစ်မည် ကြိုတင်စီမံတတ်လျှင် ကောင်းပေလိမ့်မည်။ မိမိတို့စီမံတိုင်း ဖြစ်သည်မဟုတ်၊ အနတ္တသဘောတရားအတိုင်း သူဖြစ်ချင်သလို ဖြစ်ရသည်ဆိုသော်လည်း ယုတ်စွအဆုံး မိမိတို့၏ တစ်သက်တာ၌ ရည်မှန်းချက် တစ်ခုခုထားခြင်းသည် လုံးဝရည်မှန်းချက်မထားခြင်းထက် ကိုယ့်ကိုယ်ကို ပဲ့ကိုင်ဖို့ လွယ်ကူပေလိမ့်မည်။

### သေးနုပ်သော ရည်မှန်းချက်များ

များစွာသော သူတို့သည် ရည်မှန်းချက်ဟူ၍ တိတိကျကျမရှိဘဲ ကြီးပွားရေးအတွက်ဆို၍ သောင်းပြောင်း သဘောထားတတ်ကြ၏၊ အချို့လည်း ပိုက်ဆံပေါခြင်းကို ကြီးပွားခြင်းဟူ၍ နားလည်၏။ အချို့လည်း ရာထူးဌာနန္တရ တိုးတက်ခြင်းကို ကြီးပွားခြင်းဟူ၍ ယူဆ၏။ အချို့လည်း ထင်ပေါ်ကျော်စောခြင်း၊ လူချီးမွမ်းခံရခြင်း၊ သူတစ်ပါးတို့၏ အထင်ကြီးခံရခြင်း စသော အခြင်းအရာမျိုး ကို လိုလားတောင့်တ၍ ထိုအတွက် ကြိုးစားကြ၏။ ဤသည်တို့မှာ လူကြိုက် များသော အခြင်းအရာများဖြစ်သော်လည်း တမလွန်ဘဝဟူ၍ ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်များအဖို့၌ လုံလောက်အောင် ကြီးကျယ်သော ရည်မှန်းချက်များ


mgyoe.com

မဟုတ်သေးချေ။

## မှန်ပြတ်သောရည်မှန်းချက်

တမလွန်ဘဝအတွက် သတိရသည်ဆိုပြန်လျှင်လည်း ပြုလုပ်တတ်ကြသော အစဉ်အလာမှာ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ အလှူကြီးပေးခြင်း၊ ဥပုသ်စောင့်ခြင်းမျှလောက် ဆိုပါက အတော်ကြီး ဟုတ်လှပြီဟု မှတ်ထင်တတ်ကြ၏။ ထိုသူတို့၏ အယူအဆမှာ ကောင်းမှုကုသိုလ်ပြုလျှင် ကောင်းမှု၏ အကျိုးကို နောင်ဘဝ၌ ခံစားရမည်ဟူသည်ပင် ဖြစ်၏။ ဘုန်းကြီးများကလည်း "လှူပါမှပေါ့၊ ဒါမှ နောင်ဘဝအတွက် အထုပ်ကလေးပါသွားမယ်"ဟု အားပေးတတ်ကြ၏။ ဒါနပြုခြင်းအတွက်ကြောင့် အထုပ်ကလေးပါသွားခြင်းကား မှန်ပေသည်။ သို့ရာတွင် ရွှေငွေပစ္စည်းမျိုးထက် အတွင်းကျ၍ မြတ်သောဥစ္စာမျိုးရှိသေးခြင်းကိုလည်း အသိအမှတ်ပြုမှ တော်ကြပေလိမ့်မည်။ ၎င်းမှာ ကိုယ်ကျင့်တရားပင်ဖြစ်သည်။

## ဂျန်တလ်မဲန်ဟူသောစကား

မဂ်တရား ဖိုလ်တရားမှအပ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အနောက်တိုင်းသား ပညာရှိကြီးများ ရေးသားဖော်ပြခဲ့ကြသည့် ကိုယ်ကျင့်တရား နမူနာမျိုးမှာလည်း မထိမဲ့မြင် ပြုခြင်းကား မထိုက်ပေ။ ပမာဆိုသော် (Dr. Smiles' Character) ဒေါက်တာဆမိုင်းလ်၏ "ကိုယ်ကျင့်တရား"ဟူသော အခန်းတွင် (Gentleman) "ဂျန်တလ်မဲန်" နှစ်မျိုးနှစ်စား ခွဲခြားဖော်ပြထားပုံမှာ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ လေ့လာလိုသူများအဖို့ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ၎င်းစာအုပ်ကို ကျောင်း၌ သင်ခဲ့ရကတည်းက အနောက်တိုင်းသားများသည် (လောဘကြီးသော နယ်ချဲ့သမားများဖြစ်သော်လည်း)ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အတော်ကြီး နားလည်သော ပညာရှိကြီးများလည်း ရှိကြပေသည်ဟု အထင်ကြီးခဲ့ရပါတော့သည်။

## သာမန်အမျိုးအစား

"ဂျန်တလ်မဲန်" နှစ်မျိုးရှိသည့်အနက် တစ်မျိုးမှာ အပေါ်ယံအတွက်ဖြစ်၍



mgyoe.com

ဒုတိယတစ်မျိုးမှာ အတွင်းစိတ်ဓာတ်ကို ညွှန်းပြထား၏။ ၎င်းကို True Gentleman"ဂျန်တလ်မဲန်အစစ်"ဟု ခေါ်လေသည်။ သာမန် "ဂျန်တလ်မဲန်"မှာ အပေါ်ယံအတွက်သာဖြစ်သည် ဆိုသော်လည်း ၎င်းပင်လျှင် ခေလှသည်မဟုတ်ချေ။ အမျိုးအနွယ်သန့်ခြင်း၊ သပ်သပ်ရပ်ရပ် ဝတ်တတ်ခြင်း၊ ပြေပြစ်သော အမူအရာရှိခြင်း စသည်တို့အပြင် အမျက်ဒေါသကို မဖော်ပြဘဲ ချုပ်တည်းထားတတ်ခြင်းတည်းဟူသော သိမ်းဆည်းမှုလည်း ပါရှိသောကြောင့် "သူငါကစ" အမျိုးအစားထက် သာသည်ဟု ဆိုထိုက်ပေသည်။

## ဂျန်တလ်မဲန်အစစ်၏ အင်္ဂါများ

နံပါတ်(၂)ဖြစ်သော "ဂျန်တလ်မဲန်"အစစ်၏ အရည်အချင်းများကား ဤမျှမကကြီးကျယ်သေး၏။ အပေါ်ယံအားဖြင့်မူ ဆွေကြီးမျိုးကြီးထဲက ဟုတ်ချင်မှ ဟုတ်မည်၊ အဝတ်အစားမှာလည်း တော်စွလျော်စွ ဝတ်ချင်ဝတ်မည်၊ သို့ရာတွင် အတွင်းစိတ်သဘောမူကား ဇမ္ဗူရစ်ရွှေစင်နှင့် ပမာနှိုင်း၍ ရေးသားဖော်ပြတတ်ကြသည်။ ထိုလူမျိုးကား တည့်မတ်ကြံ့ခိုင်သော စိတ်ဓာတ်ရှိခြင်း၊ အခါခပ်သိမ်းမှန်သော စကားကိုဆိုခြင်း၊ တစ်ဖက်သားအပေါ်တွင် မတရားပြုဖို့ ရွံ့ရှက်ခြင်း၊ ကိုယ့်သိက္ခာကိုယ် စောင့်စည်းခြင်း၊ သေးသေးနုပ်နုပ် မလုပ်တတ် မကြံတတ်ခြင်း၊ ကြင်နာသနားတတ်ခြင်း၊ ကိုယ်ချင်းစာတရားထားခြင်း စသော အရည်အချင်းများ အပြည့်အဝပါရှိလေသည်။ တစ်ခါတစ်ရံ ဤလူမျိုးသည် ဆင်းရဲသော လယ်သမား အတန်းအစားထဲ၌လည်း ရှိတတ်ပေရာ ၎င်းကို 'သဘာဝအမျိုးကောင်းသား' (Nature Gentleman) ဟု ခေါ်ကြ၏။ အနောက်တိုင်းသားများ၏ ကောင်းသော အချက်တစ်ခုမှာ လောက အမြဲအနေအားဖြင့် မည်မျှ နိမ့်ကျသောအဖြစ်သို့ ရောက်နေစေကာမူ ဤသို့သော ပုဂ္ဂိုလ်မျိုးကို ကြည်ညိုလေးစားရကောင်းမှန်း သိတတ်သူများ ပေါ်ထွက်တတ်ခြင်းပင် ဖြစ်လေသည်။

## သဘာဝအမျိုးကောင်းသား

တစ်နေ့သ၌ အထက်တန်းစားများဖြစ်ကြသော ဂုဏ်သရေရှိ လူကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက် လမ်းလျှောက်သွားကြစဉ် ဖိနပ်ထူထူကြီးနှင့်



mgyoe.com

mgyoe.com

အင်္ကျီပွကြီး ဝတ်ထားသော လယ်သမားကြီးတစ်ယောက်နှင့် တွေ့ကြ၍ လူကြီးဖြစ်သူက ဖော်ရွေစွာ နှုတ်ခွန်းဆက်သကာ အာလာပ သလ္လာပ စကားပြောပြီးမှ ခွဲခွာသွားကြ၏။ လယ်သမားကြီး မျက်ကွယ်သို့ ရောက်ကြသောအခါ လူငယ်က ဤမျှလောက် လူရည်လူရောင် ညံ့ဖျင်းသူတစ်ယောက်နှင့် နှုတ်ဆက်ရသည်မှာ မရှက်ပါသလောဟု မေး၏။ ဤတွင် လူကြီးဖြစ်သူက 'ဘာလဲကွဲ့. မင်းက ဖိနပ်ထူကြီးနဲ့ အင်္ကျီပွကြီး ကြည့်ပြီး လူရည်လူရောင် မရှိဘူးလို့ ပြောသလား၊ ငါက ဖိနပ်ထူကြီးနဲ့ အင်္ကျီပွကြီးကို နှုတ်ဆက်တာ မဟုတ်ဘူးကွဲ့၊ အထဲက လူကို နှုတ်ဆက်တာ၊ အဲဒီအင်္ကျီပွကြီးထဲက လူကလေ တကယ့်အရည်အချင်းကို ချိန်ကြည့်လိုက်လျှင် ချိန်ခွင်တစ်ဖက်မှာ မင်းရယ်၊ ငါရယ်၊ ငါတို့လို လူမျိုးတွေ ဆယ်ယောက်ထည့်၊ သူ့ဘက်ကတောင် လေးလိမ့်ဦးမယ် မောင်ရေ့၊ ဘာမှတ်လို့လဲ'ဟု ပြန်ပြောလေသည်။ အကြောင်းမူကား ၎င်းလယ်သမားကြီးမှာ "သဘာဝအမျိုးကောင်းသား" ဖြစ်သည်ဟု ထိုလူကြီးက သိပြီး ဖြစ်ပေသောကြောင့်တည်း။

## သူတို့ချင်း ချီးမွမ်းခြင်း

အနောက်တိုင်းသား အင်္ဂလိပ်လူမျိုးများနှင့် ပတ်သက်၍ ကြည်ညိုဖွယ်ကောင်းသော အချက်တစ်ခုမှာ ခေတ်ပညာတတ်တစ်ယောက် ဖြစ်သည်ဆိုလျှင် Gentlemen'ဂျန်တလ်မဲန်'ဖြစ်အောင် ကြိုးစားကောင်းမည်ဟု သဘောထားကြသူ များလှ၏။ မဟုတ်တော့မှရှိစေ 'ဂျန်တလ်မဲန်' မဟုတ် ဟူ၍ စွပ်စွဲခြင်းခံရမည်ကို ရှက်တတ်ကြသူချည်း ဖြစ်၏။ တစ်ယောက်တလေ 'အစစ်' ဖြစ်ခဲ့လျှင်လည်း အခြားလူများက သိကြ၍ စကားတစ်ခုလုပ်ပြီး ပြောလေ့ရှိကြ၏။ ဗြိတိသျှအစိုးရလက်အောက်၌ ကျွန်ုပ် အမှုထမ်းခဲ့စဉ် အိုင်စီအက်စ် သုံးလေးယောက်နှင့် အခြားအင်္ဂလိပ်အရာရှိ နှစ်ယောက် သုံးယောက်တို့ကို အတော်ရင်းနှီးစွာ ဆက်ဆံခဲ့ဖူးသည်။ (ကျွန်ုပ်၏ အလုပ်မှာ တောလိုက်စာရေး Camp Clerk ဖြစ်၍ ဘတ္တလာမှလွဲလျှင် 'ဗိုလ်'၏ စိတ်သဘောကို အနီးကပ်ဆုံးသိနိုင်သောအလုပ်မျိုး ဖြစ်သည်) ၎င်းအရာရှိများအနက်တွင် 'ဂျန်တလ်မဲန်' တစ်ယောက် တွေ့ရသည်ဟု ကျွန်ုပ် အကဲဖြတ်ခဲ့မိရာ အခြားသော အရာရှိများကလည်း (That fellow is a gentleman.)'ဟိုလူကတော့ ဂျန်တလ်မဲန်


mgyoe.com

mgyoe.com


တစ်ယောက်ပေပဲ'ဟု သူတို့အချင်းချင်း ပြောသံကြားရဖူးသဖြင့် ကျွန်ုပ်၏ အကဲဖြတ်မှန်ကန်ခြင်းအတွက် ဝမ်းသာခဲ့ဖူး၏။

## ဂရိတ်မဲန်ဟူသော စကား

ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အနောက်တိုင်းသားများ၏ **သိတတ်**ခြင်းတစ်ခု တင်ပြလိုသေး၏။ ၎င်းတို့သည် (Great Man) 'ဂရိတ်မဲန်'**ဟူသော** ဝေါဟာရ အသုံးအနှုန်းတစ်ခု တီထွင်ထားကြရာ အဓိပ္ပာယ်မှာ 'လူကြီး'**ဟူ၍** ပြန်ဆိုရမည်ဖြစ်သော်လည်း လူဦးရေ တစ်သိန်းတစ်သန်းတွင်မှ **တစ်ယောက်** တလေ ရှိတတ်ခြင်း ဖြစ်သောကြောင့် လုံလောက်သော အနက်သဘော ပေါ်လွင်စေမည် မဟုတ်ချေ။ 'ဂရိတ်မဲန်'ဆိုရာ၌ ရာထူး၊ ဌာနန္တရ ကြီးမြင့်ခြင်း ဟူ၍ချည်း ဆိုလိုသည်မဟုတ်၊ လူသာမာန်တို့နှင့် မတူအောင် စိတ်နေသဘောထား ကြီးရင့်ခြင်းကို ဆိုလိုသည်။ အင်္ဂလိပ်စာရေးဆရာကြီးများအနက်တွင် ဒေါက်တာဂျွန်ဆင် (Dr. Johnson) အား 'ဂရိတ်မဲန်'ဟူ၍ သမုတ်ကြရာ ဘော်စွယ်လ်ရေးသားသည့် ဂျွန်ဆင်၏ အတ္ထုပ္ပတ္တိကို ဖတ်ရသူများသည်'ဂရိတ်မဲန်'ဟူသော အင်္ဂလိပ်အသုံးအနှုန်း၏ အဓိပ္ပာယ်ပါလှခြင်းကို ခန့်မှန်းနိုင်ကြပေလိမ့်မည်။

## နီးကပ်သူများရှိခြင်း

ကျွန်ုပ်သည် လူချင်း ပေါင်းသင်းဆက်ဆံသည့်အခါ ထိုလူ၏ **စိတ်နေ**သဘောထားနှင့် ပတ်သက်ရာ အမှတ်မဲ့မနေဘဲ သတိနှင့် စောင့်ကြည့်တတ်သော အလေ့ရှိရာ ကျွန်ုပ်၏ တစ်သက်တာတွင် 'ဂရိတ်မဲန်'ဟူ၍ များများကြီး မတွေ့ခဲ့ရဖူးချေ။ ကျွန်ုပ်၏ မွေးသဖခင်၌ 'ဂရိတ်မဲန်'၏ အရည်အချင်းတချို့ **တ**လေ ပါရှိသည်ဟုဆိုလျှင် 'ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်'ဟု ဆိုဖွယ်ရာ ဖြစ်**နေ**၏။ မည်သို့ဆိုစေ ကျွန်ုပ်ထက် အများကြီး နီးကပ်သည်ဟူ၍ကားရဲရဲကြီးပြောဝံ့သည်။ ကျွန်ုပ်ပေါင်းသင်းဆက်ဆံခဲ့ဖူးသမျှတွင် 'ဂရိတ်မဲန်'**နှင့်** အနီးကပ်ဆုံးသော ပုဂ္ဂိုလ်သည်ကား ဆရာကြီး သခင်ကိုယ်တော်မှိုင်းပင် ဖြစ်ပေသည်။


mgyoe.com

mgyoe.com


## စိတ်သဘောထားပြည့်ဝသူ

'ဂျန်တလ်မဲန်'၊ 'ထရူးဂျန်တလ်မဲန်'၊ 'ဂရိတ်မဲန်' ဟူသော အင်္ဂလိပ်အခေါ်အဝေါ်များနှင့် အဓိပ္ပာယ်ညီတူသော မြန်မာစကားလုံး မရှာတတ်သည့်အတွက်ကြောင့် မူရင်းအခေါ်အဝေါ်အတိုင်း သုံးနှုန်းခဲ့ရသည်ဖြစ်ရာ မြန်မာအခေါ်အဝေါ်အားဖြင့် အကောင်းဆုံးသော အရည်အချင်းမှာ စိတ်သဘောထား ပြည့်ဝခြင်းဟု ဆိုလျှင် မှန်မည်လော မပြောတတ်ချေ။ ဤစကားလုံး၌လည်း ဘည့်မတ်ခြင်း၊ ရိုးသားခြင်း၊ မှန်ကန်ခြင်း၊ သည်းခံတတ်ခြင်း၊ ကိုယ်ချင်းစာတတ်ခြင်း တည်းဟူသော အရည်အချင်းများ ပါဝင်လျက်ရှိ၏။ ဤစာကို ဖတ်သောသူသည် အထက်ပါအရည်အချင်းများနှင့် ပြည့်စုံပါပေသည်ဟု စိတ်ချလက်ချယုံကြည်ရသော ပုဂ္ဂိုလ်ဘယ်နှဦးများ တွေ့ဖူးပါသနည်း။

## ကြီးကျယ်သော အရည်အချင်း

ငါးပါးသီလလုံခြုံပါသည်ဟု ကျမ်းရွက်၍ ပြောဝံ့သူများရှိချင်ရှိမည်။ ငါးပါးသီလ လုံရုံမျှနှင့်လည်း 'စိတ်သဘောထား ပြည့်ဝသူ' တစ်ယောက်ဖြစ်လာသေးသည် မဟုတ်ချေ။ (စင်စစ်မှာ ငါးပါးသီလ လုံခြုံပါသည်ဟုပြောဝံ့ကြသော လူများသည် သေအရက်မသောက်ခြင်း တစ်ခုတည်းကို အခိုင်အမာလုပ်၍ ပြောကြခြင်းဖြစ်သည်) သက်န်းဝတ်တိုင်းလည်း 'စိတ်သဘောထားပြည့်ဝသူ' ဖြစ်လာသည် မဟုတ်သေးချေ။ အဘယ်ကြောင့်ဆိုသော် ရဟန်းတော်များ အနက်တွင်လည်း အဘယ်ပုဂ္ဂိုလ်သည် စိတ်သဘောထား ပြည့်ဝပေသည်ဟု ၎င်းတို့အချင်းချင်း သိကြသည်ဖြစ်ပေသောကြောင့်တည်း။ ယင်းသို့ဆိုလျှင် 'စိတ်သဘောထားပြည့်ဝ'ခြင်းသည် အတော်ကြီးကျယ်သော အရည်အချင်းပါပေတကား။

## ခဲယဉ်းသောအရာ

မကြီးကျယ်ဘဲ ရှိမည်လော 'စိတ်သဘောထားပြည့်ဝ'ဖို့မှာ ဝန်ကြီးဖြစ်ဖို့ထက်လည်း ခဲယဉ်း၏။ သူဌေးဖြစ်ဖို့ထက်လည်း ခဲယဉ်း၏။ ရဟန်းပြုဖို့ထက်လည်း ခဲယဉ်းလှသည်။ သူဌေးဖြစ်ဖို့မှာ အင်ပို့လိုင်စင်ရအောင် လျှော်ခတ်တတ်လျှင် ဖြစ်နိုင်၏။ ဤဘဝ၌ မဖြစ်နိုင်လျှင်လည်း ဒါနမျိုးစေ့ကလေးချပြီး


mgyoe.com

နောင်ဘဝတွင်ဖြစ်ဖို့ မျှော်လင့်နိုင်၏ ရဟန်းပြုဖို့မှာလည်း (ဒုလ္လဘ ရခဲသည် ဆိုစေကာမူ) ဤခေတ်တွင် နက်ဖြန်သန်ဘက် လူထွက်မည်အကြံနှင့် ယနေ့ ဝတ်နိုင်လျှင် ယနေ့ဖြစ်နိုင်သည်အထိ လွယ်ကူလျက်ရှိလေပြီ။ စိတ်သဘောထား ပြည့်ဝဖို့မှုကား (ကျွန်ုပ်၏ ယုံကြည်ချက်အရ) တစ်ဘဝနှစ်ဘဝနှင့် ဖြစ်နိုင်သော အခြင်းအရာမဟုတ်ချေ။

## တွေ့ရခဲလှသည်

ဤစာကိုဖတ်သောသူသည် ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်လိုက်သည့် အခါ စိတ်သဘောထားပြည့်ဝသူတစ်ယောက်တလေ တွေ့ရတိုင်း အသင့်အတင့် လူရာထောင်နှင့် သဘောထား သေးသိမ်ညံ့ဖျင်းသူအချို့ကို တွေ့ရပေလိမ့်မည်။ ဤဘဝ၌ လူမွဲဖြစ်သော်လည်း မကြာမီ (ထီပေါက်၍ဖြစ်စေ၊ အခြားနည်းအားဖြင့် ဖြစ်စေ) သူဌေးဖြစ်သွားသူများကို တွေ့နိုင်သည်။ သို့တည်းမဟုတ် နောင်ဘဝ တွင် နတ်ပြည်ရောက်သည်အထိ စည်းစိမ်ဖြင့် တက်သွားသော ပုဂ္ဂိုလ်များ ရှိသည်ဟု စာဆိုရှိ၍ ယုံလည်းယုံထိုက်သည်။ သို့ရာတွင် သဘောထားနုပ်ဖဲ့ သေးသိမ်သူတစ်ယောက်အဖြစ်မှ သဘောထားပြည့်ဝသူတစ်ယောက် ဖြစ်လာ သည်မှာ မည်မျှခဲယဉ်းသည်ထင်သနည်း။ အမှတ်မဲ့နေသူများအဖို့မှာ ကမ္ဘာ အသင်္ချေကြာသော်လည်း ဖြစ်ဖို့ခဲယဉ်းလှသေးသည်။ သို့မဟုတ်ခဲ့လျှင် အစ မထင်သော ဘဝသံသရာမှ ဖြစ်လာကြသော သတ္တဝါတွေချည်းဖြစ်သောကြောင့် ယခုလောက်ကြာလျှင် စိတ်သဘောထားပြည့်ဝသူတွေချည်း ဖြစ်ကုန်လောက် သင့်ပေပြီ။

## ရင့်ချည်နုချည်မဖြစ်နိုင်

ကာမာဝစရကုသိုလ်ကံ အကျိုးပေးအလျောက် လူဖြစ်လိုက်၊ နတ်ဖြစ် လိုက်၊ ခွေးဖြစ်လိုက်၊ မြင့်ချည်နိမ့်ချည် ဖြစ်တတ်ကြသော်လည်း တစ်ခုသော သတ္တဝါသည် စိတ်သဘောထားပြည့်ဝချည်တစ်ခါ၊ သိမ်ဖျင်းယုတ်ညံ့ချည် တစ်လှည့် ဟူ၍ မဖြစ်စကောင်းချေ။ သို့ဆိုလျှင် 'ပါရမီ'ဟူသော စကားသည် အဓိပ္ပာယ်မရှိဘဲ ဖြစ်သွားရပေတော့မည်။ အလောင်းတော်ကိုယ်တိုင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်တော်မူခဲ့ရသည့်အတွင်း ခွေး၊ ဝက်၊ ကြွက်၊ ကြက်



mgyoe.com

စသည့် တိရစ္ဆာန်ဘဝများသို့ လျှောဆင်းချည်တစ်ခါ၊ ဗြဟ္မာ၊ သိကြား၊ နတ်သား နှင့် စကြာဝတေးမင်း ဖြစ်ချည်တစ်ခါ နိမ့်ချည်မြင့်ချည်ဖြစ်ခဲ့ရသော်လည်း ပါရမီမူကား ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်၌ သုမေဓာရှင်ရသေ့ဘဝမှ သည် သိဒ္ဓတ္ထမင်းသားဘဝသို့တိုင်အောင် တဖြည်းဖြည်း ရင့်သည်ထက်ရင့်လျက် လာသည်ဟု ယူရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပါရမီဟူသည်မှာ နုချည်ရင့်ချည် မဖြစ်သင့်သောကြောင့်ပေတည်း။ သို့ဆိုလျှင် ဖြည့်တင်းရခြင်း အတွက် အားရှိစရာမဟုတ်တော့ချေ။

## တဖြည်းဖြည်းတက်ရသည်

ပါရမီဟူသည်မှာ (ဗုဒ္ဓဘာသာကို ယုံကြည်သူဖြစ်ခဲ့လျှင်) သတ္တဝါတိုင်း ဖြည့်ရသည့် ဝတ္တရားဖြစ်သည်ဟု လက်ခံမှ ဖြစ်လိမ့်မည်။ သမ္မာသံဗုဒ္ဓတစ်ဆူ ဖြစ်လိုသူအတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ပစ္စေကဗုဒ္ဓ ဖြစ်လိုသူအတွက် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝကဖြစ်လိုသူအတွက် ကမ္ဘာတစ်သိန်းဟူ၍ စာဆိုရှိပေရာ ပကတိလူများအတွက်မှာ ကမ္ဘာအရေအတွက် အတိအကျသတ်မှတ် ထားခြင်း မရှိသော်လည်း ဖြည့်ဖို့လိုခြင်းကား မုချဖြစ်၏။ **ပန်းတစ်ပွင့်လှူခြင်း** ကြောင့် နတ်ပြည်ရောက်သည်ဆိုသော ဝတ္ထုသက်သေများ **ရှိသော်လည်း** ပါရမီရင့်ကျက်ဖို့ ဟူသည်မှာ ကာမာဝစရ ကုသိုလ်ပြုခြင်းမျိုးကဲ့သို့ **လွယ်ကူသည်** မဟုတ်၊ ဖြုန်းဖြုန်းဒိုင်းဒိုင်းဖြစ်နိုင်သော ကိစ္စမျိုးလည်း မဟုတ်ချေ။

## စိတ်ညွတ်ခြင်း

ကောင်းပါပြီ၊ ပါရမီရင့်ကျက်အောင် ဖြည့်ဖို့လိုအပ်သည်ဆိုလျှင် မည်သို့ ကိစ္စရှိပါသနည်းဟု မေးငြားအံ့။ ရှေးဦးစွာ မည်သည့်အခြင်းအရာသည် မြတ် သည်ဟု သဘောပေါက်နားလည်အောင် ကြိုးစားရပေလိမ့်မည်။ ပိုက်ဆံ ပေါခြင်းသည် ကောင်း၏၊ ထင်ပေါ်ကျော်စောခြင်း၊ တန်ခိုးကြီးခြင်း၊ ရာထူး ဌာနန္တရ ကြီးခြင်း၊ ဩဇာတိက္ကမနှင့် ပြည့်စုံခြင်း စသော အခြင်းအရာများသည် ကောင်း၏ဟု လူတိုင်းနားလည်၍ လူတိုင်း တောင့်တကြသော်လည်း စိတ် သဘောထားပြည့်ဝခြင်းသည် သာ၍ကောင်း၏ဟူ၍ လူတိုင်း နားမလည်ချေ။ သတ္တဝါသည် တောင့်တသော (စိတ်ညွတ်သော) အခြင်းအရာကို တစ်နေ့နေ့တွင်



mgyoe.com

mgyoe.com

ရတတ်သော သဘာဝရှိ၏။ ပစ္စေကဗုဒ္ဓအား တစ်စုံတစ်ခုပေးလှူပြီး ဆုတောင်းသည့်အခါ တောင်းသောဆုအတိုင်း ပြည့်စုံသည်ဟု စာဆိုရှိ၏။ အလကားတောင်း၍ကား မရချေ။ သဘာဝဥပဒေ Natural Law အရမှာ ကောင်းမှုတစ်ခုပြုတိုင်းပြုတိုင်း ဆန္ဒပြည့်စုံစေဖို့ အကျိုးပေးတတ်သည်ဖြစ်ရာ ပစ္စေကဗုဒ္ဓနှင့် မကြုံကြိုက်၍ ချက်ချင်း သို့မဟုတ် လျင်မြန်စွာ အကျိုးမပေးလျှင်သာရှိရမည်။ ကောင်းမှုပြုသူ၏ စိတ်ထဲ၌ ညွှတ်ထားသော အခြင်းအရာမှုကား တစ်နေ့တွင် ပြည့်စုံတတ်သည်။ ဥပမာ လူတစ်ယောက်သည် အဆင်းလှခြင်းကို အထူးလိုလားတောင့်တသည် ဆိုအံ့။ အဆင်းလှသောပန်း အစရှိသည့် လှူဖွယ်ဝတ္ထုမျိုးကို လှူချင်တတ်၍ တမလွန်ဘဝ၌ အဆင်းလှသူ တစ်ယောက် ဖြစ်လာဖို့လမ်းရှိသည်။ သူ၏နှုတ်မှ ဖွင့်ဟ၍ ဆုတောင်းဖို့ သတိမရလျှင် ရှိသောစိတ်ထဲ၌ အခါခပ်သိမ်း ညွှတ်ပြီးဖြစ်၍ ဆုတောင်းပြီး ဖြစ်နေတော့သည်။

## ရွေးတတ်ဖို့လိုခြင်း

ထိုနည်းတူစွာ စိတ်သဘောထားပြည့်ဝခြင်းကို လိုလားရကောင်းမှန်းသိ၍ စိတ်ထဲ၌ အမြဲညွှတ်တတ်သော လူတစ်ယောက်သည် စိတ်သဘောထားပြည့်ဝသော ပုဂ္ဂိုလ်မျိုးနှင့် တွေ့ဆုံသည့်အခါ ကြည်ညိုလေးစားသော စိတ်မျိုး အလိုအလျောက် ဖြစ်ပေါ်၏။ (ပိုက်ဆံပေါ်ခြင်းကို အဟုတ်ကြီးထင်သော လူတစ်ယောက်သည် သူဌေးကို မြင်သည့်အခါ အလိုအလျောက် ဒူးချသကဲ့သို့ပင်) စိတ်သဘောထားပြည့်ဝခြင်း၏ မွန်မြတ်သောအဖြစ်ကို နားလည်၍ စိတ်ထဲ၌ 'ညွှတ်'သော လူတစ်ယောက်သည် မည်သည့်ကောင်းမှုကုသိုလ်မျိုး ပြုလုပ်သည်ဖြစ်စေ၊ ပါးစပ်မှဖွင့်ဟ၍ ဆုမတောင်းမိစေကာမူလည်း အခါခပ်သိမ်း ညွှတ်ထားသောစိတ်၏ သတ္တိကြောင့် စိတ်သဘောထားပြည့်ဝသူ တစ်ယောက် ဖြစ်လာစေဖို့ ပါရမီဖြည့်လျက်သား ဖြစ်နေတော့သည်။ ထို့ကြောင့် ရှေးဦးစွာ လိုအပ်သော အရာမှာ ကောင်းမြတ်ရာကို ရွေးချယ်တတ်ဖို့ပင် ဖြစ်သည်။

## တစ်ဆင့်တက်ခြင်း

စိတ်သဘောထားပြည့်ဝသူတစ်ယောက် အနေဖြင့် သံသရာလည်ရမည်ဆိုလျှင် အပါယ်ကိုကျဖို့ 'သုဂါကစ' လူများထက် အလှည့်နည်းမည် ဖြစ်သော်လည်း မလွတ်မြောက်မချင်း စိတ်ချရသည်မဟုတ်ချေ။ ထို့ကြောင့် တစ်ဆင့်


mgyoe.com

mgyoe.com

တက်၍ ပါရမီဖြည့်ဖို့ လိုသေး၏။ ဗုဒ္ဓဘာသာဝင်များသည် ငယ်စဉ်ကတည်းက ကျက်မှတ်ထားသော ဘုရားရှိခိုးထဲတွင် 'မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော် မြတ်ကို ရလိုပါ၏ အရှင်ဘုရား' ဟူ၍ ပါရှိသောကြောင့် ဘုရားရှိခိုးတိုင်း ရွတ်ဆို တတ်ကြ၏။ သို့သော် နိဗ္ဗာန်ကို လိုချင်ရကောင်းမှန်း အဟုတ်တကယ်သိသော ပုဂ္ဂိုလ်ဟူ၍ ရှားပါးလှသည်။ မည်သည့်နည်းမဆို လောက၌ တစ်နည်းနည်း ကြီးပွားရခြင်းနှင့် အလားတူစွာ လိုလားတောင့်တသူ ရှားပါးလှသည်။ သို့ဖြစ်၍ နိဗ္ဗာန်ရဖို့အသာထားပြီး နိဗ္ဗာန်ချမ်းသာကို လိုလားရကောင်းမှန်း သိသောသူ၏ အဖြစ်သို့ ရောက်အောင် ရှေးဦးစွာ ပါရမီဖြည့်ဖို့ လိုပေသေးသည်။ မိမိကိုယ်တိုင် အားမထုတ်နိုင်သေးလျှင် ရှိစေ၊ အားထုတ်သူများအတွက် ဝမ်းမြောက်အားကျ၍ အားပေးအားမြှောက် ပြုဖော်ရလျှင် ပါရမီရင့်ဖို့ အထောက်အပင့်ဖြစ်လောက်ပေပြီ။ အားထုတ်သူများအား လှောင်ချင်ပြောင်ချင်တတ်သော လူစားမျိုးကား ကာမာဝစရ ကုသိုလ်ကံအကျိုးပေးခိုက်ဖြစ်၍ မည်မျှလောက် ကြီးပွားထွန်းကားစေကာမူ သံသရာဝဋ်မှ လွတ်မြောက်ဖို့ ခရီးကွာလှမ်းလှသေးသည်။

## နိဂုံးချုပ်

လိုရင်းအချုပ်၌ ဗုဒ္ဓသာသနာတော်အတွင်း ဗုဒ္ဓဘာသာ ထွန်းကားသော တိုင်းပြည်၌ လူဖြစ်ကြရသဖြင့် အလွန်ကံကောင်းသည်ဟု ဆိုအပ်သော မြန်မာ လူမျိုးများသည် အလှူပေးခြင်း၊ ဝါတွင်း၌ ဥပုသ်သီတင်းစောင့်ခြင်းမျှ လောက်နှင့် ရောင့်ရဲတင်းတိမ်မနေကြမူ၍ ပါရမီရင့်ကျက်ဖို့အတွက်လည်း ကြိုးစားရကောင်း မှန်း သိသင့်ကြပေသည်။ အနောက်တိုင်းသားများသည် ဂျန်တလ်မဲန်ဖြစ်ဖို့ ကြိုးစားရကောင်းမှန်း သိတတ်ကြသကဲ့သို့ မြန်မာလူမျိုးသည်လည်း စိတ်သဘော ထားပြည့်ဝသောသူ၏ အဖြစ်သို့ ရောက်အောင် ကြိုးစားရကောင်းမှန်းသိသူ နည်းပါးသေးသည်မှာ ဝမ်းနည်းဖို့ ကောင်းလှသည်။ ထို့ကြောင့်လည်း မှန်ကန် သော ဗုဒ္ဓဝါဒီများဆိုပါလျက် အခြားတိုင်းပြည်သားများ၏ အထင်ကြီးခြင်းမခံရဘဲ ရှိ၏။ သို့ဖြစ်၍ ဤစာကို ဖတ်ရှုရသောသင်အား ဤအချိန်မှစ၍ စိတ်သဘောထား ပြည့်ဝသူတစ်ယောက်ဖြစ်အောင် ကြိုးစားပါတော့မည်ဟု သန္နိဋ္ဌာန်ချပြီးလျှင် တစ်နှစ်ထက်တစ်နှစ် တိုးတက်ခြင်းရှိပါ၏လောဟု မိမိကိုယ်ကို စစ်ဆေးကြည့်ရှုဖို့ တိုက်တွန်းအပ်ပါသတည်း။ ။


mgyoe.com

mgyoe.com

# ဓမ္မတာနှင့် သဘာဝဓမ္မ

[သွေးသောက်၊ ဇွန်၊ ၁၉၅၈]

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ဓမ္မတာနှင့် သဘာဝဓမ္မ

*ဓမ္မတာကို လွန်ဆန်နိုင်အောင် ကြိုးစားပါမှ တိုးတက်ခြင်း ရှိနိုင်မည်။*
*မိမိကိုယ်ကို အတွင်းဘက်သို့ လှည့်၍ ရှုသော အလေ့အကျင့်သည်*
*လောကဒ္ဓလည်း ကောင်း၍ နိဗ္ဗာန်သိုထိ ပေါက်ရောက်နိုင်ခြင်း။*

ဓမ္မတာ (လူ့ဓမ္မတာ Human Nature)ဟူသည်မှာ လူသတ္တဝါတို့၌ ရှိတတ်သော စိတ်နေသဘောထားနှင့် ထုံးစံဓလေ့များဟူ၍ နားလည်ပေရာ သဘာဝ ဓမ္မဟူသည်မှာ ခပ်သိမ်းသော သဘောတရားတို့နှင့်ဆိုင်သည့် စည်းကမ်းဥပဒေများ (Natural Laws နိယာမတရား)ဟူ၍ ဆိုလိုပေသည်။ ကိုယ့်ကိုယ်ကို ချစ်တတ်ခြင်း (ထို့ကြောင့် တစ်ကိုယ်ကောင်း ကြံတတ်ခြင်း)၊ ယောကျ်ားသည် မိန်းမကိုလည်းကောင်း၊ မိန်းမသည် ယောကျ်ားကိုလည်းကောင်း ချစ်ကြိုက်တတ်ခြင်း စသည်တို့သည် လူ့ဓမ္မတာ (သတ္တဝါ၏ ဓမ္မတာ)ဟူ၍ ဆိုရမည်ဖြစ်ရာ (ဓမ္မောဟဝေရက္ခတိ၊ ဓမ္မစာရိ) တရားစောင့်သောသူကို တရားက စောင့်သည် ဆိုခြင်းမျိုးမှာ သဘာဝဓမ္မ ဟူ၍ ဆိုသင့်ပေသည်။ လူ့ဓမ္မတာဟူသည်မှာ မလွန်ဆန်နိုင်သော အလုပ်မျိုးမဟုတ်၊ (အချို့ကိစ္စများတွင်) လွန်ဆန်နိုင်မှ အကျိုးများခြင်းကို တွေ့ရသည်။ သဘာဝဓမ္မဟူသည်မှာကား မည်သည့်သတ္တဝါမှ လွန်ဆန်နိုင်သော အရာမဟုတ်ဟူ၍ နားလည်ကြရပေမည်။



mgyoe.com